# ဦးစားပေး အခြေခံကျန်းမာရေး စောင့်ရှောက်မှုဌာနများ (Priority Primary Care Centres)

**တရားဝင်**

- ဆရာဝန်ကို အရေးပေါ် ပြသရန် လိုပါသလား။
- ဦးစားပေး အခြေခံကျန်းမာရေး စောင့်ရှောက်မှုဌာနများ (Priority Primary Care Centres - PPCCs) သည် အရေးပေါ် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နာမကျန်းသူ မည်သူမဆိုကို အခမဲ့ ကုသပေးသည်။
- PPCC ဆရာဝန်များသည် သင် လိုအပ်သည့်ကုသမှုကို ဆေးရုံ အရေးပေါ်လူနာဌာနထက် လျင်မြန်စွာ ကုသပေးပါမည်။
- ထိုဆရာဝန်များသည် မပြင်းထန်သော ကူးစက်ရောဂါများ၊ သာမန် အပူလောင်ခြင်းများ၊ အဆစ်လွဲခြင်းများ သို့မဟုတ် သံသယရှိနိုင်ဖွယ်ဖြစ်သော အရိုးကျိုးခြင်းကဲ့သို့ ရောဂါများကို ကုသပေးနိုင်သည်။
- အကယ်၍ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် နာမကျန်းမှုဖြစ်ပါက သုညသုံးလုံး (000) ကို ဖုန်းခေါ်ပါ။
- အရေးပေါ် ကုသမှု မလိုပါက သင့် ပုံမှန်ပြနေကျ ဆရာဝန်နှင့် ပြသရန် ရက်ချိန်းယူပါ။
- PPCC ဝန်ဆောင်မှုများတွင် ရောဂါရှာဖွေခြင်း၊ ဓါတ်မှန်ရိုက်ခြင်းနှင့် ဆေးပေးခြင်းများ ပါဝင်သည်။
- PPCC ဝန်ဆောင်မှုများမှာ မက်ဒီကဲကတ်ပြား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လူတိုင်းအတွက် အခမဲ့ဖြစ်သည်။
- PPCC များကို တစ်ပတ်လျှင် ၇ ရက် အချိန်ရှည်ကြာ ဖွင့်လှစ်ပေးထားသည်။
- ရက်ချိန်းယူရန် မလိုအပ်ပါ။
- PPCC များကို ဗစ်တိုးရီးယားပြည်နယ် အနှံ့အပြား ဖွင့်လှစ်ထားပါသည်။
- တည်ရှိရာ နေရာများနှင့် အချက်အလက်ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် www.betterhealth.vic.gov.au/health/servicesandsupport/priority-primary-care-centres တွင် ကြည့်ရှုပါ။
- PPCC များတွင် စကားပြန်များ ရရှိနိုင်ပါသည်။ ဘာသာပြန်နှင့်စကားပြန်ဌာန (TIS National) ဖုန်း ၁၃၁ ၄၅၀ ကို ဆက်သွယ်ပါ။